အရှေ့ဘက်ကောင်းကင်

ညမဖတ်ရ



ဒီဇိုင်း - ယမုံဦး




ကိုယ်ပွား

စကားပြောရင် အ,ထစ် အ,ထစ်နဲ့ ပြောတဲ့ ကျုပ်သူငယ်ချင်း ဘထစ် အကြောင်းကို ကျုပ် မကြာခဏ ပြောပြဖူးပါတယ်။ တကယ်တော့ ဘထစ်ဆိုတဲ့ ကောင်က ခပ်ဆန်းဆန်းအကောင်ဗျ။

သူနဲ့ ကျုပ်နဲ့ ကလည်း ကျောင်းမှာ အမြဲတမ်း တပူးပူးတွဲတွဲ နေကြတာ။ ဒီကောင်နဲ့ ပေါင်းတာကြာ လာလေ ဒီကောင်ရဲ့ ထူးဆန်းတဲ့ ကိစ္စတွေကို သိ လာလေပေါ့ဗျာ။

ကျုပ် မှတ်မိနေသေးရော့ဗျာ။

ဒီကောင်နဲ့ ကျုပ်နဲ့ ခြောက်တန်းလောက်ကပေ့ါ။ ကျုပ်တို့ ဒေသမှာ လွတ်အေးတဲ့ အချိန်ပေ့ါဗျာ။ ကျုပ်စိတ်ထင် ပြာသိုလ ထင်တယ်ဗျ။ ဒီကောင်နဲ့ ကျုပ်နဲ့ မြို့အရှေ့ဘက်က တောင်ကုန်းတွေပေါ်မှာ ငှက်လျှောက်ပစ်ကြတယ်။ ဘထစ်က ဘုန်းကြီး မွေးစားတဲ့ ဘုန်းကြီးကျောင်းသားသာဆိုတယ် ငှက်ပစ်တာတို့ ၊ ငါးမျှားတာတို့ အားကြီးဝါသနာပါတဲ့ ကောင်ဗျ။

အဲဒီနေ့က ကျုပ်တို့ နှစ်ယောက် ငှက်ပစ်ထွက်ကြတာဗျ။ ငှက်တစ်ကောင်မှ မရပါဘူးဗျာ။ နှစ်ယောက်သား မောမောနှင့် ဆီးဖြူပင်ကြီးအောက်မှာ ခြေပစ်လက်ပစ် နားနေကြတာပေ့ါဗျာ။ တောင်ကုန်းပေါ်မှာ လေကလေး တဖြူးဖြူးနဲ့ အတော်ကို ဇိမ်ရှိတာဗျ။ ကျုပ်တို့ မှာ လေးခွတစ်ယောက်တစ်လက်နဲ့ လောက်စလုံးအိတ်၊ တစ်ယောက်တစ်အိပ် လွယ်လို့ ပေ့ါဗျာ။ ဒီမှာ တင် ဘထစ်က ကျုပ်ကို ပြောတာဗျ။

"တာတေ မင်း အိပ်မက် မက်ဖူးလား"

ဒီကောင် ဗြုန်းစားကြီးမေးလိုက်တာကို ကျုပ် ပထမတော့ အံ့အားသ

င့်သွားတာပေါ့ဗျာ။

"ဘထစ်ရာ၊ လူတိုင်း အိပ်မက်, မက်ဖူးတာပေါ့ကွာ၊ ဒါများ အဆန်း လုပ် မေးနေရသလားကွ"

ဘထစ်က အ,ထစ် အ,ထစ်နဲ့ ဆက်ပြောတယ်ဗျ။

"ငါပြောတာက ရိုးရိုးအိပ်မက်ကို ပြောတာ မဟုတ်ဘူး ကွ"

"ဟေ အိပ်မက်မှာ ရိုးရိုးအိပ်မက်တို့ ၊ ဆန်းဆန်းအိပ်မက်တို့ ရှိလို့ လား၊ ဘထစ်ရ"

ကျုပ် မေးတာကို ဘထစ်လည်း ဘယ်လိုပြောရမှန်း မသိတော့ဘူး ပေါ့ဗျာ။

"ဒီလိုကွာ၊ နေရာတစ်ခုကို ရောက်သွားတာမျိုး မင်း မက်ဖူးသလား"

"ဟ မက်ဖူးတာပေါ့ကွ ဘထစ်ရဲ့ "

"အဲဒါကြောင့် မင်းကို ငါ ပြောပြချင်တာကွ၊ တာတေရ"

"ဟေ ဘယ်လိုတုန်း ဘထစ်"

"အခုတလောမှာ ငါ အိပ်မက်တွေ ခဏခဏ မက်တယ်ကွ၊ ပြီးတော့ ငါ တစ်ခါမှ မရောက်ဖူးတဲ့ နေရာကို ရောက်ရောက်သွားတယ်၊ အဲဒီလို ရောက်တဲ့ အခါမှာ အိပ်မက်လို ရောက်တာမဟုတ်ဘဲ အပြင်မှာ တကယ်ရောက်သလိုကို ရောက်သွားတာကွ"

"ဟေ ဟုတ်လား ဘထစ်၊ မင်းဟာကလည်း အထူးအဆန်းပါလားကွ ၊ ဟုတ်ရော ဟုတ်ရဲ့ လားကွာ"

"မင်းကို ငါ ဘယ်တုန်းက မဟုတ်တာ ပြောဖူးလို့ တုန်း တာတေ"

"အေး... ဒါတော့ ဟုတ်တယ် ဘထစ်၊ မင်းငါ့ကို ဘယ်တုန်းကမှ မ

ဟုတ်တာ မပြောဖူးဘူး"

"ဒါဆိုရင် မင်းကို ငါ ပြောပြမယ်၊ အခုတလော ငါ အိပ်မက်,မက်ရင် တောင်ကြီးတစ်တောင်ပေါ်ကို ရောက်ရောက်သွားတယ်ကွ၊ အဲဒီတောင်ကြီးပေါ်မှာ နန်းတော်လို အဆောင်အဦကြီး တစ်ခုရှိတယ်၊ အဲဒီနန်းတော်ကြီးထဲမှာ ရုပ်ရည်အင်မတန် ချောမောတဲ့ မိန်းမတစ်ယောက်ရှိတယ်ကွ၊ ဒီတောင်ကြီးတစ်ခုလုံးမှာ ရှိတဲ့ လူတွေကို သူက အုပ်ချုပ်ရတာကွ"

"ဩော် ဒါဆို ဘုရင်မပေါ့ ဘထစ်ရ"

"အေးကွ၊ ဒါပေမဲ့ ဘုရင်မတော့ မဟုတ်ဘူး တာတေ၊ သူ့ကို သခင်မလို့ ခေါ်ကြတယ်၊ တောင်တော်သခင်မပေါ့ကွာ"

"အဲဒီမှာ လူတွေ ရှိတယ်မဟုတ်လား ဘထစ်"

"ဟာ ရှိတာပေါ့ကွ၊ တောင်တော်သခင်မရဲ့ အမှုထမ်းတွေပေါ့ကွ၊ ပြီးတော့ ငါတို့ အရွယ် ကလေးတွေလည်း ရှိတယ်ကွ၊ တောင်တော်သခင်မရဲ့ နန်းတော်ကြီး အနောက်ဘက်မှာ ဥယျာဉ်ကြီးတစ်ခုနဲ့ ရေကန်ကြီးတစ်ခု ရှိတယ်၊ တောင်ပေါ်မှာ သာဆိုတယ်၊ အဲဒီရေကန်ကြီးထဲမှာ ကြာပန်းတွေ ပွင့်နေတာဟေ့"

"ဟင် ဟုတ်လား၊ တယ်ထူးဆန်းပါလားကွ"

"အေး... ဥယျာဉ်ထဲမှာ ဘာသီးတွေလည်း မသိဘူးကွ၊ ချိုပြီး မွှေးနေတာပဲ တာတေရေ၊ ပြီးတော့ ထူးဆန်းတာတစ်ခု ပြောရဦးမယ်၊ အဲဒီသစ်သီးတွေကို မင်း စားချင်ရင် တက်ခူးစရာ မလိုဘူးကွ၊ မင်း စားချင်တဲ့ အသီးကို ကြည့်ပြီး စားချင်စိတ်ဖြစ်လိုက်ရုံပဲ ကိုယ့်လူရေ၊ အဲဒီသစ်သီးက မင်းလက်ထဲကို ရောက်နေရောဟေ့"

"ဟေ ဟုတ်လား ဘထစ်၊ မင်း ရောက်သွားတာ နေ့ဘက်လား၊ ညဘက်လားကွ"

"အေး... အဲဒါကို ပြောပြရဦးမယ်၊ ဒီမှာ ငါ အိပ်,မက်မက်တာက ညနော်၊ ဟိုကိုရောက်သွားရင် နေ့ဘက် ဖြစ်နေရောကွ"

"ဟာ တော်တော်ကို ထူးဆန်းတာပဲ ဘထစ်ရ၊ ဒါထက် အဲဒါ ဘယ်နေရာတုန်းကွ"

"အဲဒါတော့ ငါလည်း မသိဘူးကွ"

"ဒါထက် မင်း ဒီကို ဘယ်လိုပြန်ရောက်လာတုန်း"

"ငါ့စိတ်ထဲမှာ ပြန်ချင်စိတ်ဖြစ်သွားရင် အိပ်ရာက ဖျတ်ခနဲ လန့်နိုးတော့တာပဲကွ"

"ဩော် ဒီလိုလား၊ မင်းပြောတဲ့ နေရာကို ငါတောင် ရောက်ချင်လိုက်တာကွာ"

"ဟေ မင်း တကယ်ပြောတာလား တာတေ"

"တကယ်ပြောတာ ဘထစ်၊ ဒါပေမဲ့ မင်းက အိပ်မက်ထဲမှာ သွားတာဆိုတော့လည်း ငါက လိုက်လို့ ဘယ်ရမှာ တုန်း"

"ရတယ် တာတေ၊ ငါ မင်းကို ခေါ်သွားလို့ ရမယ်လို့ ထင်နေတယ်"

"မဖြစ်နိုင်တာကွ၊ လူတစ်ယောက်ရဲ့ အိပ်မက်ထဲကို တခြားသူတစ်ယောက်က ဝင်လို့ ရမတဲ့ လား ဘထစ်ရ"

"ငါ ဖြစ်နေတာ အိပ်မက်နဲ့ တူပေမယ့် အိပ်မက် မဟုတ်ဘူး ကွ၊ တကယ်ဖြစ်နေတာ၊ ငါ့စိတ်ထင် ပြောရရင်တော့ ငါ့ရဲ့ ကိုယ်ပွားတစ်ခုက ထွက်သွားတာလို့ ထင်တယ်ကွ"

"ဘာကွ၊ ကိုယ်ပွား ဟုတ်လား ဘထစ်၊ လုပ်ပြန်ပြီကွာ၊ မင်းဟာက ဘာတွေတုန်းကွ"

"ဟုတ်တယ် တာတေ၊ ငါ့ကိုယ်က ကိုယ်ပွားတစ်ခုထွက်ပြီး သွားလာလို့ ရသလို မင်းကိုယ်ကလည်း ကိုယ်ပွားတစ်ခုထွက်ပြီး သွားလာလို့ ရတယ်ကွ"

"ဟင် ဟုတ်ပ့ါမလားကွ ဘထစ်ရဲ့ "

"ဟုတ်လို့ ပဲ ငါ အဲဒီကို ရောက်ရောက်သွားတာပေ့ါကွ"

"ဒါဆိုရင် ငါရော ငါ့ကိုယ်ပွားကိုထုတ်ပြီး မင်းနဲ့ လိုက်ခဲ့လို့ ရမှာလား"

"အေး အဲဒါကို ငါပြောနေတာကွ၊ မင်းလည်း လိုက်လို့ ရနိုင်တယ်ဆိုတာ"

"နေပါဦး ထဘစ်ရဲ့ ၊ မင်းက ဒါတွေကို ဘယ်လို တက်နေတာတုန်း"

"ဒီလိုကွ၊ ငါ့ကို မွေးစားတဲ့ ဘဘုန်းက တိဘက်မှာ နေခဲ့ဖူးတယ်၊ တိဘက်ဘုန်းကြီးတွေနဲ့ နှစ်တော်တော်ကြာအောင် နေခဲ့တာတဲ့ ကွ၊ အဲဒီလိုကိုယ်ပွားထုတ်တာကို တိဘက်ဘုန်းကြီးတွေဆီက သူ ရလာတာကွ"

"ဟေ ဟုတ်လား"

"ဒါပေမဲ့ ဘဘုန်းက နောက်ပိုင်း အဲဒါတွေ မလုပ်တော့ဘဲ တရားပဲ ထိုင်တော့တာကွ"

"နို့ မင်း စောစောကပြောတော့ အိပ်မက်ဆို"

"အေး မင်းကို ကိုယ်ပွားကိစ္စ တန်းပြောလိုက်ရင် နားမလည်မှာ စိုးလို့ အိပ်မက်လို့ ပြောရတာကွ၊ ဒါပေမဲ့ အိပ်မက်နဲ့ ကိုယ်ပွားထွက်သွား

တယ်ဆိုတော့လည်း အိပ်မက်သဘောလည်း ပါမှာ ပေါ့ကွာ၊ ငါလည်း မင်းကို ဒါထက်ပိုပြီးရှင်းမပြတတ်တော့ဘူးကွ"

"မင်းကိုယ်ပွားထုတ်ပြီး လျှောက်သွားလို့ ပြန်ရောက်မလာရင် ဘယ်လိုလုပ်မလဲ ဘထစ်၊ ဒါဆိုရင် မင်းကို သေပြီလို့ သတ်မှတ်လိုက်ကြမှာပေါ့"

"ဟာ အဲဒီလိုမဖြစ်ဘူးကွ၊ ကိုယ်ပွားက မင်းရဲ့ ကိုယ်ထဲကို အလိုလိုပြန်ရောက်လာတာ၊ မင်းစိတ်က ပြန်မယ်လို့ စိတ်ညွှန်လိုက်တာနဲ့ ကိုယ်ထဲကို ရောက်ပြီးသားပဲကွ"

"ဟေ ဒီလိုတော့လည်း တယ်ဟုတ်ပါလားကွ၊ ဒါထက် အဲဒီလိုကိုယ်ပွားနဲ့ သွားနိုင်ဖို့ တော်တော်လေ့ကျင့်ရလားကွ"

"အေး အစပိုင်းတော့ နည်းနည်းကြာတာပေါ့ကွာ၊ နောက်တော့ လွယ်သွားတာပါပဲ၊ ငါဆို ဒီနှစ်ပိုင်းရောက်မှ ဖြစ်သွားတာကွ၊ မင်းကို ငါသင်ပေးရင် ခဏပါပဲကွာ၊ ပြီးတော့ မင်းက ဒါမျိုးတွေကို အရမ်းစိတ်ဝင်စားတဲ့ ကောင်မို့လား၊ ခဏလေးဖြစ်သွားမှာ ပါ"

ကျုပ် ဘထစ်ပြောတဲ့ ကိုယ်ပွားထုတ်တာကို တော်တော်ကို စိတ်ဝင်စားသွားတယ်။ ချက်ချင်းကို လုပ်ကြည့်ချင်လိုက်တာ။ ကျုပ်ဆိုတဲ့ ကောင်က တစ်ခုခုကို စိတ်ဝင်စားမိပြီဆိုရင် ဘာကိုမှ ကြောက်နေတော့တာ မဟုတ်ဘူး လေဗျာ။

လိုရင်းပြောရရင်တော့ ဘထစ်ပြောတဲ့ ကိုယ်ပွားထုတ်တဲ့ ပညာကို ဘထစ်ဆီက ကျုပ် သင်ရော ဆိုပါတော့ဗျာ။ (အသေးစိတ်တော့ ကျုပ် မပြောပြတော့ဘူးဗျာ၊ ခင်ဗျားတို့ ထဲက ကျုပ်လို စပ်စုတတ်တဲ့ သူတွေ ပါနေရင် ကိုယ်ပွားထုတ်ကြည့်နေမှာ စိုးလို့ ပါ)။

ဟုတ်တော့ ဟုတ်တယ်ဗျ။ ဘထစ်ပြောသလိုပဲ အစပိုင်းမှာ တော့ ထိရောက်မှု မရှိသေးဘူး။ ကျုပ် အထပ်ထပ်အခါခါ ကြိုးစားတော့မှ တစ်ခါဖြစ်သွားတယ်။ ဘထစ်ပြောတာ ဟုတ်တယ်ဗျာ။ နေရာတစ်ခုကို ကျုပ်တကယ်ရောက်သွားတာဗျ။ အိပ်မက် မဟုတ်ဘူး ။ ကျုပ်ရောက်သွားတဲ့နေရာက ရွာကလေးတစ်ခုဗျ။ အဲဒီရွာက ကျုပ်အရွယ်ကောင်လေးတွေဘောကန်နေကြတာ။ အသားမည်းနက်ပြီး ကတုံးတွေပြောင်နေတဲ့ကောင်တွေဗျ။ သူတို့ ပြောတဲ့ စကားတွေလည်း ကျုပ် နားမလည်ဘူးဗျ။ ဒါပေမဲ့ ဒီကတုံးလေးတွေက ကျုပ်ကို ခြေဟန်လက်ဟန်နဲ့ ပြောတာဗျို့။ သူတို့ နဲ့ ဘောဝင်ကန်ဖို့ ပြောဗျာ။ ကျုပ်ကလည်း တာတေပဲဗျာ၊ ဘယ်နေလိမ့်မတုန်း ဝင်ကန်တာပေ့ါ။ ဘောပွဲတစ်ပွဲပြီးတော့ ဒီကောင်တွေက ကျုပ်ကို သူတို့ ရွာထဲကို လိုက်ကြည့်ဖို့ ခေါ်တယ်ဗျ။ ကျုပ်လည်း လိုက်ကြည့်တာပေ့ါဗျာ။ သူတို့ အိမ်တွေက ရွှံ့နဲ့ ဆောက်ထားတာဗျ။ တော်တော်ဆင်းဆင်းရဲရဲနေကြရတာပါဗျာ။ နောက်တော့ ကျုပ် အိမ်ပြန်ဖို့ သတိရသွားတယ်ဗျို့။ အံ့တော့ အံ့သြစရာပဲဗျာ။ ကျုပ်စိတ်က အိမ်ပြန်ဖို့ ညွှန်လိုက်တာနဲ့ ဘထစ်ပြောသလိုပဲဗျ၊ ချက်ချင်းကို လန့်နိုးသွားတာ။ ကျုပ်ပြန်ရောက်လာတာပေ့ါဗျာ။

အဲဒီတစ်ခါ ကျုပ်ကိုယ်ပွားကို ထုတ်နိုင်ပြီးတော့ နောက်ထပ် တော်တော်နဲ့ မဖြစ်ပြန်ဘူးဗျို့။ နောက်တော့ တစ်ခါထပ်ရတယ်။ နောက်တော့လည်း ခပ်စိပ်စိပ် ရလာတယ်။ အင်း နောက်ဆုံးတော့ ကျုပ်လည်း ဘထစ်လို ကျွမ်းကျွမ်းကျင်ကျင်နဲ့ ကိုယ်ပွားထုတ်လို့ ရသွားတော့တာပေ့ါဗျာ။

"တာတေ မင်းကို ငါ မပြောဘူးလား၊ မင်းလိုကောင် လုပ်ရင်ဖြစ်မှာပါ၊ မကြာပါဘူး ဆိုတာလေ"

ဘာမှ မကြာဖူးသာဆိုတယ်၊ ကျုပ် လေ့ကျင့်ရတာ တစ်နှစ်တော့ ကြာတယ်ဗျ။ ကျုပ် ခြောက်တန်းနှစ်မှာ စပြီးလေ့ကျင့်တာ၊ ခုနစ်တန်းနှစ်ကျမှ ဖြစ်တာဗျို့။ မနှစ်က ဆောင်းတွင်းမှာ စလေ့ကျင့်တာ၊ ဒီနှစ်ဆောင်းတွင်းကျမှ ကျွမ်းကျင်သွားတာဗျို့။

"ကဲ တာတေ ဒါဆိုရင် မင်းကို ငါ ခေါ်သွားလို့ ရပြီကွ"

"ဟေ ဘယ်ကိုတုန်း ဘထစ်"

"ဟာ ဒီကောင် တော်တော်မေ့တတ်တာပဲ၊ မင်း ဒါတွေလေ့ကျင့်တာ တောင်တော်သခင်မဆီကို ငါနဲ့ လိုက်ချင်လို့ လေကွာ"

"အေး ဟုတ်သားပဲကွာ၊ ငါ မေ့သွားတယ် ဘထစ်ရေ"

"ဟုတ်ပြီ၊ မနက်ဖြန်ညကျရင် မင်းတို့ အိမ်မှာ ငါ လာအိပ်မယ်၊ ပြီးရင် မင်းနဲ့ ငါ ကိုယ်ပွားထုတ်ပြီး တောင်တော်သခင်မဆီကို သွားကြမယ်"

"ဟာ ဖြစ်ပါ့မလားကွ ဘထစ်ရ၊ ငါက တစ်နေရာ၊ မင်းက တစ်နေရာ ရောက်သွားရင် ဘယ့်နှယ်လုပ်မတုန်း"

"တာတေ ဒီအတွက်မပူနဲ့ ၊ မင်းနဲ့ ငါ တောင်တော်သမခင်မဆီကို အတူတူရောက်သွားအောင် ငါလုပ်တတ်တယ်"

"အေး ဒါဆိုလည်း လုပ်လေကွာ၊ တာတေဆိုတဲ့ ကောင်က ဒါမျိုးဆိုရင် အဆင်သင့်ပဲပေ့ါ ဘထစ်ရာ"

အဲဒီညက  ဘထစ် ကျုပ်တို့ အိမ်မှာ လာအိပ်တယ်။ ဒီကောင်က ကျုပ်နဲ့ မကြာခဏ လာအိပ်နေကြပါဗျာ။ ကျုပ်ဘကြီး ဘုရားပုထိုး ရှိခိုးပြီး ကြေးစည်ထု အမျှဝေတယ်။ ခဏကြာတော့ ဘကြီး အိပ်ရာဝင်သွားတယ်။ ကျုပ်နဲ့ ဘထစ်လည်း အိပ်ရာပြင်ကြတာပေ့ါဗျာ။

"ဟဲ့ ဒီကောင် နှစ်ကောင် ဒီည အစောကြီးအိပ်တော့မယ်ထင်တယ်၊ ကျောင်းမှာ ဘယ်လောက် ကမြင်းထားကြလည်း မသိတာ"

ဘကြီးက ကျုပ်တို့ နှစ်ယောက်ကို ပြောတယ်ဗျ။

"ကိုယ်တွေလက်တွေ နည်းနည်းနာနေလို့ ဘကြီးရေ၊ စောစောအိပ်မလားလို့ "

ဘထစ်က အ,ထစ် အ,ထစ်နဲ့ ဘကြီးကို ပြောတယ်။

"အေး အိပ်ကြ၊ အိပ်ကြ၊ ဆေးသောက်မလား၊ တော်ကြာ ဖျားနာနေဦးမယ်၊ တာတေရော ဆေးသောက်မလား"

"မသောက်တော့ပါဘူး ဘကြီး ရပါတယ်"

ကျုပ်က ဘကြီးကို ပြန်ပြောပြီး မီးတွေ ပိတ်လိုက်တယ်။ အိပ်ရာထဲရောက်တော့ ဘထစ်က ပြောတယ်။

"ဟေ့ကောင် တာတေ၊ ငါ့လက်ကိုဆုပ်ထား၊ ဟိုအရင် အမြင်ဖွင့်ပေးတုန်းကလိုပေါ့ကွာ"

ကျုပ်နဲ့ ဘထစ် လက်ဖဝါးချင်း ဆုပ်လိုက်တယ်။

"မင်းစိတ်ထဲမှာ ဘယ်နေရာကိုသွားမယ်ဆိုတာ ညွှန်မထားနဲ့ ၊ ကိုယ်ထဲကနေ အပြင်ထွက်မယ်ဆိုတာပဲ၊ စိတ်ညွှန်ထား ကြားလား"

"အေး အေး ငါသိပြီ ဘထစ်"

ကျုပ်ရော ဘထစ်ရောက ဒီပညာကို လေ့လာထားကြတဲ့ သူတွေဆိုတော့ ချက်ချင်းအိပ်ပျော်သွားကြတာပေါ့ဗျာ။ ဟော ကျုပ်ရင်ထဲမှာ စိမ့်ခနဲတစ်ချက် ဖြစ်သွားတယ်။

ကျုပ်နောက်ကျောဘက်က လေအေးတွေ တိုက်နေတာ

သတိပြုမိသွားတယ်။ ဟာ ကျုပ်ရောက်နေပြီပဲ။ ဒါပေမဲ့ ဒါ ဘယ်နေရာဆိုတာ ကျုပ် မသိရသေးဘူးဗျ။ တောင်ကုန်းတစ်ခုပေါ်မှာ ကျုပ် ရပ်နေတာတော့ သတိပြုမိတယ်ဗျ။ ကျုပ် အပေါ်ကို မော့ကြည့်တယ်။ ကောင်းကင်က လင်းနေတယ်။ ည မဟုတ်ဘူး ဗျ၊ နေ့ဘက်ပဲ။ ဒါပေမဲ့ နေရောင်မတွေ့ရဘူး။ ကောင်းကင်ကြီးတစ်ခုလုံးက ခပ်မှိုင်းမှိုင်းကြီးဗျ။ မိုးအုံ့နေသလိုလို မြူဆိုင်းနေသလိုလိုနဲ့ ခပ်မှိုင်းမှိုင်း ကောင်းကင်အောက်က မြင်ကွင်းတွေကို ကျုပ်လိုက်ကြည့်မိတယ်။

သစ်ပင်တွေ စိမ်းတောက်မနေဘူးဗျ။ အရွက်တွေက စိမ်းနေပေမယ့် ခပ်မှောင်မှောင် အစိမ်းမျိုးဗျ။ ကျုပ်ရပ်နေတဲ့ တောင်ကုန်းရဲ့ ဘေးမှာ စမ်းချောင်းကလေးတစ်ခုက ကွေ့ဝိုက်စီးဆင်းသွားတယ်။ သစ်ပင်ကြီးတွေကတော့ လူကြီးတစ်ယောက်စာ နှစ်ဖက်စာ အပင်မျိုးတွေချည်းပဲဗျ။ ကျုပ်လည်း လေအေးကလေးတိုက်တာကို ခံစားရင်း လျှောက်ကြည့်နေတာပေါ့ဗျာ။ ဟင် ဘထစ်၊ ဟာ ဟုတ်သားပဲ၊ ဘထစ် ဘယ်မှာ တုန်း။ ကျုပ် ဒီတော့မှ သတိရသွားတာဗျ။ ကျုပ်နဲ့ ဘထစ် ကိုယ်ပွားတွေ အတူတူထုတ်ပြီး တောင်တော်သခင်မဆီကို သွားဖို့ လုပ်နေကြတာလေဗျာ။

ကျုပ် ထင်တယ်ဗျ။ ဘထစ်က တောင်တော်သခင်မဆီကို ရောက်သွားပြီး ကျုပ်က တခြားနေရာကို ရောက်လာတာဖြစ်မယ်။ ကျုပ် ဒီကောင်ကို ပြောသားပဲဗျာ။ ကိုယ်ပွားထုတ်ပြီးသွားတဲ့ အခါမှာ အတူတူသွားလို့ မရနိုင်ပါဘူးဆိုတာ။ ဒီကောင်ဘထစ်က သူ့ကိုယ်သူ ဆရာကြီးသိပ်လုပ်ချင်တဲ့ ကောင်။ အခုတော့ သူက တစ်နေရာရောက်၊ ကျုပ်က တစ်နေရာရောက် ဖြစ်ပြီပေါ့ဗျာ။

ဒါပေမဲ့ ဘာပြဿနာမှ မရှိပါဘူးလေ။ ကျုပ်လည်း အကြိမ်ကြိမ် ကိုယ်ပွားထုတ်ခဲ့ဖူးပြီပဲ။ ဒီတောင်ပေါ်မှာ ဟိုနား သည်

နားလောက်ကြည့်ပြီးရင် ပြန်ရုံပဲပေါ့လို့ ကျုပ် တွေးလိုက်တယ်။

"ဟော့ကောင် တာတေ၊ မင်းက ဒီမှာ ရောက်နေတာကိုး၊ ငါကတော့ မင်းကို လိုက်ရှာနေတာ"

"ဟာ ဘထစ် မင်းလည်း ဒီကိုရောက်လာတယ် ဟုတ်လား"

"အေးလေကွာ၊ မင်းက အရင်အိပ်ပျော်သွားပြီး ကိုယ်ပွားအရင်ထွက်သွားတာ၊ ဒါပေမဲ့ ငါက မင်းလက်ကို ကိုင်ထားပြီး ငါသွားမယ့်နေရာကို ညွှန်ပေးထားတော့ မင်း တခြားနေရာကိုမရောက်ဘဲ ဒီကို ရောက်လာတာပေါ့"

"ဟေ ဟုတ်လား၊ ဒါက ဘယ်နေရာမို့လို့ တုန်း"

"ဟာ တာတေ၊ ဒါ မင်းနဲ့ ငါလာတဲ့ သခင်မတောင်တော်လေကွာ"

"ဟင် ဟုတ်လား ဘထစ်၊ ငါက တခြားနေရာကို ရောက်သွားတယ်ထင်တာ၊ နို့ နေပါဦးကွ၊ မင်းပြောတဲ့ နန်းတော်ကြီးဆိုတာလည်း မတွေ့ပါလား"

"ရှိပါတယ်ကွ၊ လာ ငါ့နောက် လိုက်ခဲ့"

ဘထစ်က ပြောပြောဆိုဆိုနဲ့ တောနက်ကြီးထဲကို တိုးဝင်သွားတယ်။ ကျုပ်လည်း သူ့နောက်က လိုက်ခဲ့ရတာပေါ့ဗျာ။ ကောင်းကင်ကြီးက မှိုင်းနေတော့ တောကြီးထဲမှာ မှောင်တရီလို ဖြစ်နေတာပေါ့ဗျာ။

ဘထစ်က ရှေ့ကသွား၊ ကျုပ်က နောက်ကလိုက်နဲ့ တော်တော်ကလေး သွားလိုက်တော့ တောအုပ်ကြီးရဲ့ အပြင်ဘက်ကို ရောက်လာကြတာပေါ့ဗျာ။ ဘထစ်က ရှေ့ကသွားနေရာကနေ တုံ့ခနဲ ရပ်လိုက်တယ်။ ကျုပ်လည်း ရပ်လိုက်ရတာပေါ့ဗျာ။

"တာတေ ဟိုမှာ ကြည့်"

"ဟာ အုတ်တံတိုင်းကြီးပါလား"

ကျုပ်တို့ ရှေ့ တစ်မိုင်လောက်က တောင်ကြီးတစ်လုံးပေါ်မှာ ဗျ။ အုတ်တံတိုင်းအမြင့်ကြီး ခတ်ထားသော အုတ်တံတိုင်းပေါ်မှာ လည်း နန်းမြို့ရိုးကြီးလို အချွန်အတက်တွေနဲ့ ဗျ။ တချို့နေရာမှာ မြို့ရိုးတွေရဲ့ အင်္ဂါရပ်အတိုင်း သူရဲခိုတွေလည်း ရှိတယ်။

ကျုပ် အံ့သြပြီး ကြည့်နေတုန်းမှာ ဘထစ်က ...

"ကဲ လာ တာတေ၊ ရှေ့မှာ တောင်ပေါ်တက်တဲ့ လမ်းရှိတယ်၊ သွားကြစို့"

ဘထစ်က ရှေ့ကသွားတော့ ကျုပ်လည်း နောက်လိုက်ရတာပေါ့ဗျာ၊ ဟာ ဟုတ်ပ့ါဗျာ၊ တောင်ပေါ်တက်တဲ့ လမ်းက သစ်ပင်ကြီးတွေအောက် မှာ လှလှပပကို ဖောက်ထားတာဗျ။ လမ်းကို အုတ်တွေစီပြီးခင်းထား ကာ ဆယ်ပေလောက်ကျယ်တယ်။ ဘေးမှာ အုတ်တိုင်တွေရှိတယ်။ မီး ထွန်းတဲ့ တိုင်တွေဗျ။ ဒီလမ်းကို ညဘက် အသုံးပြုတဲ့ ပုံပဲ။ ရှေးခေတ်က လို မီးတုတ်တွေ ထွန်းပုံရတယ်။ မီးတုတ်ဆိုက်ဖို့ အပေါက်လုပ်ထားတ ယ်။ လမ်းဘေးတစ်ဖက်တစ်ချက်မှာ အနံ့တော်တော်မွှေးတဲ့ ပန်းချုံတွေ စိုက်ထားတယ်။ ပွင့်နေတဲ့ ပန်းတွေက အနီ၊ အဖြူ၊ အဝါ အို စုံလို့ ပါပဲဗျာ။ ဘာပန်းတွေမှန်းတော့ ကျုပ်လည်း မသိဘူးဗျ၊ မွှေးတော့ တော် တော့ကို မွှေးတာဗျို့။

"ကဲ ရောက်ပြီ တာတေ"

အုတ်လမ်းဆုံးသွားတော့ ကျုပ်တို့ တောင်ကြီးပေါ်ကို ရောက်နေပြီ။ နန်းမြို့ရိုးတံတိုင်းကြီးရဲ့ ဝင်ပေါက်ကို တန်းရောက်တာဗျ။

သစ်သားတံခါးကြီးနှစ်ချပ် ပိတ်ထားတဲ့ တံခါးကြီးဗျ။ တံခါးကြီးတွေကို ထုထည်ကြီးမားတဲ့ သစ်သားနဲ့ လုပ်ထားတာ။ လူ ဘယ်နှယောက် တွန်းဖွင့်မှ ပွင့်မှာ လည်း တော့ ကျုပ် မသိဘူးပေါ့ဗျာ။

ဒါပေမဲ့ နန်းမြို့ရိုးကြီးရဲ့ တံခါးပေါက်မှာ အစောင့်အကြပ် တစ်ယောက်မှ တော့ မတွေ့ဘူးဗျ။

"ဘထစ် ဒီတံခါးကြီးကို ဖွင့်လို့ ရပ့ါမလား"

"ရတယ် တာတေ၊ ဘာမှ မပူနဲ့ ၊ သူ့ဟာသူ ပွင့်သွားလိမ့်မယ်"

"ကျွီ ကျွီ ကျွီ ကျွီ ကျွီ"

ဟာ ပွင့်သွားပြီဗျို့။ ကျုပ်ဖြင့် ဗြုန်းစားကြီး ပွင့်သွားတော့ တော်တော်ကို လန့်သွားတာဗျို့။ တံခါးကြီးက ဟောင်းနေတော့ ကျွီ ကျွီ ကျွီ ဆိုတဲ့ အသံကြီးက အကျယ်ကြီး မြည်သွားတာလေ။

"ဟင် ဘထစ် ဖွင့်တဲ့ လူလည်း မရှိပါလားကွ"

"ဟုတ်တယ် တာတေ၊ ဒီတံခါးကို ဘယ်သူမှ ဖွင့်စရာမလိုဘူးကွ၊ ဖွင့်လို့ လည်း မရဘူး၊ ဒီတံခါးကို အင်မတန် အစွမ်းထက်တဲ့ ပညာရပ်တွေနဲ့ စီရင်ထားတာဆိုပဲ။ တောင်တော်သခင်ကိုယ်တိုင် ဖွင့်မှ ပွင့်တာကွ"

"ဟေ တောင်တော်သခင်မ လာဖွင့်ပေးတာလား၊ ဘယ်မှာ တုန်း မမြင်ပါလား"

ကျုပ်က ပြောရင်းနဲ့ ဘေးဘီကို လှည့်ကြည့်တာပေ့ါဗျာ။

"ဟာ ဒီကောင်တာတေ ထင်ရာတွေ ရမ်းပြောနေတော့တာပဲကွာ၊ သခင်မက ဒီ လာပြီး ဖွင့်ဖို့ မလိုဘူးကွ၊ သူ့ရဲ့ စံနန်းတော်ကြီးကနေ စိတ်နဲ့ပဲ လှမ်းဖွင့်ပေးလိုက်တာကွ"

"ဟေ ဒါဆိုရင် ငါတို့ ဒီမှာ ရောက်နေတာ သိလို့ ရှိမှာ ပေါ့"

"သိလို့ ပေါ့ တာတေရ၊ သခင်မ အားလုံးကို သိနေတာကွ"

"ဟင် ဟုတ်လား တာတေ၊ ဒါဆို တော်တော်ကို တန်ခိုးကြီးတာပဲကွ
"

"ကဲ လာ တာတေ၊ အထဲဝင်ကြရအောင်"

ဘထစ်က ရှေ့ကဝင်တယ်။ ကျုပ်က သူ့နောက်က ကပ်လိုက်ရတာ ပေါ့ဗျာ။

"ဟာ"

ကျုပ်ပါးစပ်က 'ဟာ'လို့ အော်လိုက်မိအောင်ကို အံ့သြသွားတာဗျို့။ အထဲမှာ လှလိုက်တဲ့ မြို့ကြီးဗျာ။ ကျုပ်တို့ က အပေါ်စီးက မြင်နေရတာ ဗျို့။ သစ်ပင်ပန်းမာန်မျိုးစုံနှင့် အလှဆင်ပြီး တည်ထားတဲ့ မြို့ကြီးဗျ။ အောက်ကို အုတ်လှေကားကြီးနဲ့ ဆင်းသွားရတယ်။ မြို့က လွင်ပြင်ကြီး ထဲမှာ ဗျို့။

လမ်းတွေအားလုံးကလည်း သန့်ရှင်းပြီး လှနေတာဗျို့။ ဘေးတစ်ဖ က်ဆီမှာ ဝင်းတွေ ခြံတွေနဲ့ အိမ်ကြီးတွေက ကောင်းလိုက်တာဗျာ။ သစ် ပင်ပန်းမာန် ရေကန်တွေနဲ့ အလှဆင်ထားတဲ့ မြို့ရဲ့ အလယ်မှာ အချွန်အ တက်တွေနဲ့ ကြည့်လို့ မဝနိုင်အောင်လှတဲ့ နန်းတော်ကြီးဗျ။ သီးသန့်ဝင်းကြီး ခတ်ထားတယ်။

ဘထစ်နဲ့ ကျုပ်နဲ့ မြို့ထဲကိုဝင်လာခဲ့ကြတယ်။ လမ်းပေါ်မှာ တော့ လူ သွားလူလာ သိပ်မရှိဘူးဗျ။ နည်းနည်းပါးပါးပဲ တွေ့ရတယ်။ ကျုပ်တို့ ကို တော့ သေသေချာချာ ကြည့်ကြတာပေါ့ဗျာ။ ကျုပ်တို့ ဝတ်စားဆင်ယင်ပုံ နဲ့ သူတို့ နဲ့ က တော်တော်ကို ကွာခြားနေတာကလားဗျာ။

ရှေးခေတ်နန်းတွင်းသားတွေ ဝတ်ဆင်တဲ့ ပုံစံဗျ။ ယောကျ်ားတွေက လည်း သျှောင်တွေထုံးလို့ ၊ ပုဝါတွေပေါင်းလို့ ဗျ။ အရပ်တွေကလည်း ရှည်ပ့ါဗျာ၊ ထွားထွားကျိုင်းကျိုင်းကြီးတွေ ဗျ။

နန်းတော်ဝင်းကြီးရဲ့ တံခါးဝကိုရောက်တော့ ဓားတွေ လှံတွေ ကိုင်ထားတဲ့ စစ်သည် တော်တွေ စောင့်နေတာဗျို့။ ကျုပ်တို့ နှစ်ယောက်ကို တွေ့တော့ အားလုံးပြေးထွက် လာပြီး ဝိုင်းထားရောဗျာ။ ကျုပ်ဖြင့် ရင်တွေ တဆတ်ဆတ် တုန်နေရောဗျို့။ ဘထစ်ကတော့ ခပ်တည်တည်ပဲဗျ။

"ဟဲ့ ဝင်းတော်မှူး၊ ဒီကလေးနှစ်ယောက်ကို ဝင်ခွင့်ပေးလိုက်ကြ၊ သခင်မ အမိန့်တော်"

ဝင်းတော်မှူးလို့ ခေါ်တဲ့ စစ်သူကြီးက နောက်ကို လှည့်ကြည့်တော့ ရံရွှေတော်ငါးယောက် ခြံရံပြီး နန်းတော်ထဲက ထွက်လာတဲ့ မျက်နှာထားတင်းတင်းနဲ့ မိန်းမက ရွှေပြားတစ်ချပ်ကို လက်မှာ ထောင်ပြတယ်။ တောင်တော်သခင်မရဲ့ တံဆိပ်တော်ပဲလို့ ကျုပ်စိတ်ထဲမှာ တွေးလိုက်မိတယ်။

စစ်သည် တော်တွေက ချက်ချင်း တံဆိပ်တော်ကို အရိုအသေပေးပြီး ဘေးဘက်ကို ရှဲသွားကြတယ်။ ဘထစ်နဲ့ ကျုပ်နဲ့ နန်းတော်ဝင်းကြီးထဲကို ဝင်လာကြတယ်။

ရွှေတံဆိပ်တော်နဲ့ မိန်းမက ရှေ့က ဦးဆောင်ပြီး ကျုပ်တို့ ကို ခေါ်သွားတယ်။ ရံရွှေတော် မိန်းကလေးတွေက ကျုပ်တို့ နောက် ကပ်လိုက်လာတယ်။ ဧရာမနန်းဆောင်ကြီးထဲကို ဝင်လိုက်တော့ ရတနာမျိုးစုံစီခြယ်ထားတဲ့ နံရံကြီးတွေ။ နံရံကြီးတွေမှာ အလွန်ရှေးကျတဲ့ လက်ရာနဲ့ ရေးဆွဲထားတဲ့ နံရံဆေးရေးပန်းချီတွေ၊ မှောင်ရိပ်ကျတဲ့ နေရာတွေမှ ထွန်းထားတဲ့ ကျောက်ဖယောင်းတိုင်ကြီးတွေကို ငေးကြည့်ရင်း နန်း

ဆောင်တွေကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ခဲ့ရတယ်။

ကတ္တီပါ အနီကြီးတွေ လိုက်ကာလုပ်ထားတဲ့ အခန်းကြီး တစ်ခုရှေ့ ကိုရောက်တော့ ရှေ့ကသွားနေတဲ့ နန်းတွင်းသူကြီးက တံ့ခနဲ ရပ်လိုက် သည် ။ နောက်က ရံရွေတော်တွေလည်း ရပ်သွားတယ်။ ဘထစ်နဲ့ ကျုပ် လည်း ရပ်လိုက်ကြတာပေ့ါဗျာ။

"သခင်မဆီ လာပြီးလည်ပတ်ကြတဲ့ ကလေးနှစ်ယောက်ကို ရှေ့ တော်အရောက် ပို့ဆောင်ပါသည် သခင်မဘုရား"

"ဩော် အေး အေး ရံရွေတော်ချုပ် ရှင်ဒေဝီ၊ ကလေး နှစ်ယောက် လာ လာ ဒီရှေ့ကိုတိုးပြီး သခင်မကို ခစားကြပါ"

ဩော် ကျုပ် ခင်ဗျားကိုပြောဖို့ တစ်ခုမေ့နေတာဗျို့။ ဘထစ်နဲ့ ကျုပ်နဲ့ ဒီနေရာကို ကိုယ်ပွားတွေထုတ်ပြီး ရောက်လာတဲ့ အချိန်မှာ စကားအရ မ်းထစ်တဲ့ ကျုပ်သူငယ်ချင်း ဘထစ်ဟာ လုံးဝကို မထစ်တော့တာဗျို့။

ဘထစ်က ကျုပ်ရှေ့ကနေ လက်အုပ်ချီပြီး ခေါင်းငုံ့ဝင်သွားတယ်ဗျ။ ကျုပ်လည်း သူလုပ်သလိုလုပ်ပြီး လိုက်သွားရတာပေ့ါဗျာ။ တောင်တော် သခင်မရှေ့မှာ ကျုပ်တို့ နှစ်ယောက် ခေါင်းငုံ့ပြီး ထိုင်နေကြတာပေ့ါဗျာ။

"မောင်ဘချစ် ဒီတစ်ခါတော့ သူငယ်ချင်းမောင်တာတေကိုပါ အလ ည်ခေါ်လာတာပေ့ါ ဟုတ်လားကွဲ့"

"ဟုတ်ပါတယ် သခင်မ၊ တာတေက ဘာမဆို စူးစမ်းလေ့လာချင်တ ယ်"

"သိတယ် မောင်ဘချစ်၊ သခင်မ သိတယ်"

ကျုပ် ယုံပါတယ်ဗျာ၊ သခင်မ သိတယ်ဆိုတာကို ကျုပ်ယုံတယ်။ ဘာဖြစ်လို့ လဲဆိုတော့ ကျုပ် ဘာမှ မပြောရသေးခင်မှာ တင် ကျုပ်နာမ

ည်ကို သခင်မ သိနေတာပဲလေ။

"မောင်တာတေက ရှေ့လျှောက်ပြီးတော့လည်း ထူးထူးဆန်းဆန်းတွေ၊ အံ့သြစရာတွေ အများကြီး ကြုံလာဦးမှာ ပါ"

သခင်မက ကျုပ်ရဲ့ အနာဂတ်ကို ကြိုပြီးပြောနေတာဗျို့။ ကျုပ်ကလည်း အထူးအဆန်းတွေ ကြုံရမယ်ဆိုတော့ ဝမ်းသာသွားတာပေါ့ဗျာ။ ကျုပ်က ထူးထူးဆန်းဆန်းတွေကို သိပ်ကြုံချင်တဲ့ ကောင်ကိုဗျ။

"ကဲ ကလေးနှစ်ယောက် သခင်မကို မော်ဖူးကြပါလေ"

အို ... လှလိုက်တဲ့ သခင်မဗျာ၊ ရွှေစင်ရုပ်တစ်ရုပ်ကို ချထားသလားလို့ တောင် ထင်လိုက်မိတယ်။ အသားတွေဝင်းပြီး မျက်နှာကလည်း ကြည်လင်အေးမြပြီး ပြုံးနေတာဗျို့။ ကျုပ်ဖြင့် တောင်တော်သခင်မကို မြင်လိုက်ရုံနဲ့ တင် ကြည်ညိုသလို လေးစားသလိုကို ဖြစ်သွားတာဗျို့။

သခင်မ စံမြန်းတဲ့ နန်းဆောင်ခန်းကြီးကလည်း လှလိုက်တာဗျာ။ ရွှေပိန်းချထားတဲ့ တိုင်လုံးကြီးတွေနဲ့ ဗျ။ အနီရောင် တင်းတိမ်စတွေကို ကျကျနနကို အလှဆင်ထားတာဗျ။ သခင်မ စံမြန်းတဲ့ ရွှေသလွန်ဆိုရင် ရွှေအစစ်နဲ့ ကို လုပ်ထားတာဗျို့။ သခင်မဘေးမှာ ဝန်းရံခစားနေတဲ့ ရံရွှေတော်တွေဟာ အားလုံးကိုးယောက်ဗျ။ ကိုးယောက်စလုံး တော်တော်ကိုလှတာပါဗျာ။

"မောင်ဘချစ် ဒီလိုလုပ်တတ်အောင် မောင်တာတေကို မင်းသင်ပေးတာပေါ့ ဟုတ်လားကွဲ့"

ကျုပ် ငေးနေတုန်းမှာ သခင်မက ဘထစ်ကို မေးလိုက်တယ်။

"ဟုတ်ပါတယ် သခင်မ၊ ကိုယ်ပွားထုတ်တဲ့ အတတ်ကို ကျွန်တော် သင်ပေးလိုက်တာပါ၊ တာတေကလည်း သခင်မတို့ တောင်တော်ကို

လာပြီးလည်ပတ်ချင်နေတော့ သေသေချာချာ လေ့ကျင့်လိုက်တာ တစ်နှစ်လောက်နဲ့ အခုလိုဖြစ်လာတာပါဘုရား"

"အေး အေး ကောင်းလေစွ၊ ကောင်းလေစွ၊ မောင်ဘချစ်၊ ဒီအတတ်ပညာမျိုးက တော်တော်ကို ကွယ်ပသွားခဲ့ပြီကွဲ့။ အထူးသဖြင့် မင်းတို့နေတဲ့ တိုင်းပြည်မှာ က ကွယ်ပျောက်သလောက် ရှိသွားခဲ့ပြီ။ ဒီပညာဟာ ရှေးဟောင်းတိဘက်လူမျိုး ဘုန်းတော်ကြီးတွေ ကျွမ်းကျွမ်းကျင်ကျင် တတ်ခဲ့တဲ့ ပညာပေါ့"

"ဟုတ်ပါတယ် သခင်မ၊ ကျွန်တော့်ကို မွေးစားခဲ့တဲ့ ဘုန်းတော်ကြီးက တိဘက်မှာ နေခဲ့ဖူးလို့ ဒီပညာကို တတ်ခဲ့တာပါဘုရား၊ ဘဘုန်းသင်ပေးလို့ ကျွန်တော် တတ်ခဲ့တာပါ"

"အင်း သခင်မ အမှတ်ရပေတယ်၊ မောင်ဘချစ် ဒီအကြောင်း သခင်မကို ပြောပြခဲ့ဖူးပါတယ်၊ မောင်ဘချစ် ပြောပြလို့ ဒီနေ့ခေတ်ရဲ့ တေးဂီတတွေအကြောင်း၊ လူတွေရဲ့ တီထွင်မှုတွေအကြောင်းလည်း သိခဲ့ရပါတယ်လေ။ ဩော် ရံရွှေတော် သူဇာနဲ့ ရံရွှေတော် ရူပါတို့ က ဒီကလေးနှစ်ယောက်ကို ပွဲတော်ခန်းထဲခေါ်သွားပြီး သူတို့ စားချင်သောက်ချင်တာတွေကို ကျွေးမွေးဧည့်ခံလိုက်ပါကွယ်"

သခင်မက အမိန့်ပေးလိုက်တော့ ရံရွှေတော်နှစ်ယောက်က ဘထစ်နှင့် ကျုပ်ကို ပွဲတော်ခန်းထဲ ခေါ်သွားတာပေါ့ဗျာ။ အို လှလိုက်တဲ့ ရွှေစားပွဲကြီးဗျာ။ ဘေးမှာ လည်း ရွှေကုလားထိုင်ကြီးတွေနဲ့ ဗျ။

ရံရွှေတော်က ဘထစ်နဲ့ ကျုပ်ကို ကုလားထိုင်မှာ ထိုင်ဖို့ ပြောတယ်ဗျ။ ကျုပ်တို့ လည်း ဝင်ထိုင်ကြတာပေါ့ဗျာ။

ကျုပ်တို့ ထိုင်လိုက်တာနဲ့ ချက်ချင်းပါပဲဗျာ။ ပွဲတော်ခန်းက ကျေးကျွန်တွေက ပန်းကန်တွေ သယ်လာတော့တာပဲဗျို့။

ဟာ မုန့်တွေဗျာ စုံနေတာပဲ။ အနံ့တွေကလည်း မွှေးလိုက်ပါဘိသနဲ့ ဗျာ။ ဘာမုန့်တွေမှန်းတော့ ကျုပ်မသိဘူးဗျ။ တစ်ခါမှ ကို မမြင်ဖူးတာ။

"ကဲ မောင်ငယ်လေးတို့ စားကြပေတော့၊ ဟဲ့ ရွှေစာရေ ဒီမောင်ငယ်လေးတွေအတွက် ဖျော်ရည်များ လည်း ယူခဲ့ပါဟဲ့"

"လာပါပြီ သခင်မလေး၊ လာပါပြီ"

ရွှေစာလို့ ခေါ်တဲ့ မိန်းမဝဝကြီးက ဖျော်ရည်ခွက်တွေကို ယူလာတယ်ဗျ။ အနံ့ကတော့ မွှေးနေတာပါဗျာ။ ကျုပ်လည်း မြည်းကြည့်ချင်တာနဲ့ ချက်ချင်းကောက်သောက်လိုက်တယ်။ ဟာ ကောင်းလိုက်တဲ့ ဖျော်ရည်ဗျာ ။ ချိုချဉ်ကလေးဗျာ။ မွှေးလိုက်လည်း လွန်ပါရောဗျာ။

ဘထစ်နဲ့ ကျုပ်နဲ့ မုန့်တွေကို ကြိတ်လိုက်ကြတာ၊ အားလုံးကို ကုန်သလောက်ပါပဲဗျာ။ မုန့်ငါးမျိုးလောက် ကျွေးထားတာ။ တစ်မျိုးကို တစ်ခုလောက်ပဲ ပန်းကန်ထဲမှာ ကျန်နေတော့တာဗျို့။

"ကဲ မောင်ငယ်လေးတွေ စားသောက်ပြီးရင် အနောက်ဥယျာဉ်ထဲမှ သူငယ်တော်တွေနဲ့ ကစားကြပေတော့"

ရံရွှေတော် နှစ်ယောက်က ကျုပ်တို့ ကို ခေါ်သွားတယ်။

ကျုပ်တို့ နှစ်ယောက် သူတို့ နောက်က လိုက်သွားရင်း အနောက်ဥယျာဉ်ကို ရောက်လာတယ်ဗျ။

အို လှလိုက်တဲ့ ဥယျာဉ်ကြီးဗျာ။ အရိပ်အာဝါသကလည်းကောင်း၊ ပန်းတွေကလည်း မွှေးကြိုင်နေတာဗျာ။ ကြာတွေပွင့်နေတဲ့ ရေကန်ကြီးတစ်ကန်လည်း ရှိသဗျ။ ဘထစ်တို့ ကျုပ်တို့ အရွယ်ကောင်လေးတွေ၊ ကောင်မလေးတွေ ပြေးလွှားကစားနေကြတာဗျို့။ ပျော်ဖို့ တော့ ကောင်းသားဗျာ။

ကျုပ်တို့ နှစ်ယောက်လည်း သူတို့ နဲ့ ခင်ပြီး ရောကြတာပေါ့ဗျာ။ ကျုပ်တို့ နှစ်ယောက်နဲ့ သူတို့ နဲ့ ချက်ချင်းကို ခင်သွားကြတာဗျ။ မျောက်ရှုံးအောင်ဆော့တဲ့ ဘထစ်နဲ့ ကျုပ်ကို သူတို့ က သိပ်သဘောကျတာဗျို့။

ရံရွှေတော်နှစ်ယောက် ကျုပ်တို့ ကို ကလေးတွေနဲ့ ထားခဲ့ပြီး ပြန်သွားကြတာဗျ။ ကျုပ်တို့ ကစားနေကြတာ နာရီဝက်လောက်ကြာသွားတဲ့ အချိန်မှာ 'ဝုန်း'ဆိုတဲ့ အသံကြီးကို ကြားလိုက်ရတယ်ဗျ။ မြေကြီးတောင် တုန်သွားတာဗျို့။ နည်းတဲ့ အသံကြီး မဟုတ်ဘူး ဗျ။ ကျုပ်တို့ ကလေးတွေအားလုံးလန့်သွားပြီး ကြက်သေ သေသွားကြတယ်။ ခဏနေတော့ ကလေးတွေထဲက သျှောင်ထုံးနဲ့ ခပ်ထွားထွားကောင်လေးက စပြောတယ်ဗျ။

"ဟာ ရန်သူတွေ၊ နန်းတော်ထဲကို ဝင် လာပြီထင်တယ်"

"ဘာ ရန်သူ ဟုတ်လားကွ၊ ဘယ်က ရန်သူတုန်း"

ကျုပ်က သူ့ဘေးမှာ ရပ်နေတာဆိုတော့ သူ့ကို မေးလိုက်တယ်။

"ငါရဲ့ ဘဘုရားက ဒီနိုင်ငံမှာ သခင်မရဲ့ အတိုင်ပင်ခံ အမတ်ကြီးကွ၊ ဟိုရက်က ဘဘုရားကပြောတယ်၊ ဒီနိုင်ငံကို ရန်သူတွေ ဝင်လာတော့မယ်တဲ့ "

"ဒါဆိုရင် ခုနက ဝုန်းဆိုတဲ့ အသံကြီးက ဘာဖြစ်တာတုန်းကွ"

"နန်းတံခါးကြီး ပွင့်သွားတာဖြစ်မယ်ကွ၊ ဒီတံခါးကို ပွင့်အောင်ဖွင့်နိုင်တဲ့ ရန်သူဟာ တော်တော်ကို အစွမ်းထက်ပုံရတယ်ကွ"

"ဒါဆိုရင် မင်းတို့ ဘာလုပ်ကြမှာ တုန်း"

ဟာ ညာသံပေး အသံကြီးဗျ။ လူတွေ ပြေးလွှားသွားတဲ့ ခြေသံတွေလည်း ကြားနေရတယ်"

"အဲဒါ ရဲမက်တွေကွ၊ ရန်သူတွေကို ရဲမက်တွေ ဝိုင်းနေပြီထင်တယ်"

"လာ ဒါဆိုရင် ငါတို့ သွားကြည့်ကြမယ်"

ကျုပ်က ဒီကောင်တွေကိုပြောတော့ ဒီကောင်တွေက ခေါင်းခါတယ်ဗျ။

"အဲဒီလိုအကြောင်းကိစ္စ ပေါ်လာရင် ငါတို့ ကလေးတွေအားလုံး ဒီဥယျာဉ်ကြီးထဲမှာ စုနေရတယ်၊ ဘယ်ကိုမှ မသွားရဘူးလို့ တောင်တော်သခင်မက အမိန့်ထုတ်ထားတာကွ"

"ကဲ ဒါဆိုလည်း မင်းတို့ နေခဲ့ကြကွာ၊ ငါတို့ သွားကြည့်မယ်၊ အကြောင်းထူးရင် မင်းတို့ ကို လာပြောမယ်"

"အေး အေး မင်းတို့ သွားရင် ဟောဒီလမ်းကသွား၊ အဲဒီမှာ တောင်နံရံကြီးရှိတယ်၊ မင်းတို့ ပုန်းပြီးကြည့်လို့ ရတယ်"

သူတို့ ကျုပ်နဲ့ ဘထစ်ကို လမ်းပြပေးတယ်။ သူတို့ ပြပေးတဲ့ လမ်းအတိုင်း ကျုပ်တို့ နှစ်ယောက် အပြေးလာခဲ့တာပေ့ါဗျာ။

ဟုတ်တယ်ဗျို့။ သူတို့ ပြောတဲ့ တောင်နံရံကြီးက ပုန်းပြီးကြည့်တာ နန်းတော်ရှေ့က ကွက်လပ်ကြီးကို အပေါ်စီးကကို တွေ့ရတာဗျ။ ရန်သူဆိုတာ လူဆယ်ယောက်ပဲ ရှိတာပါဗျာ။ ဓားတွေ လှံတွေလည်း ပါတာမဟုတ်ပါဘူး။ လွယ်အိတ်ကြီးတွေတော့ လွယ်ထားသဗျ။ သျှောင်ထုံးကြီးတွေနဲ့ ခန့်တော့ အခန့်သားဗျ။ နှုတ်ခမ်းမွေးကြီးတွေကလည်း ခပ်ကားကားပေ့ါဗျာ။

"ကဲ ရဲမက်တို့ မင်းတို့ ရဲ့ သခင်မကို သွားလျှောက်တင်လိုက်ကြပေတော့၊ မိုးပေါ်က မာဃ၊ လူ့ပြည်မှာ သာဝ ဆိုတဲ့ လူ ရောက်နေတယ်၊ မင်းတို့ သခင်မဆီမှာ ရှိတဲ့ မှော်ကျင့်စဉ် ရွှေပုရပိုက်ကြီးကို ငါလိုချင်တ

ယ်၊ အဲဒီရွှေပုရပိုက်ကို အပ်မလား၊ မင်းတို့ အားလုံးကို မီးလောင်တိုက် သွင်းရမလားဆိုတာ မင်းတို့ ရဲ့ သခင်မကြီးကို ခုချက်ချင်းသွားပြီး မေး လိုက်စမ်းဟေ့"

လက်စသတ်တော့ ဒါ ဆရာတွေပဲ။ မှော်ဆရာကြီးတွေ ထင်တယ်ဗျ။

"တော်တော်လူပါးဝတဲ့ ကောင်တွေ၊ သေပေတော့"

ဟာ ရဲမက်တွေက 'ချွင်'ခနဲ 'ချွင်'ခနဲနေအောင် ဓားတွေ ဆွဲထုတ်ကြ တာဗျို့။ ဟာ ပြေးပြီးခုတ်ပြီဗျို့။ ဆရာကြီးတွေအုပ်စုက လက်တွေပြိုင် တူမြှောက်ပြီး လေထဲမှာ ဝှေ့ရမ်းလိုက်ပြီဗျို့။ ဟာ အံ့သြစရာပဲဗျာ။ ဓားနဲ့ ပြေးပြီး ခုတ်တဲ့ လူတွေ တုံးခနဲ တုံးခနဲ လဲကျကုန်တာဗျို့။ ကျန်တဲ့ ရဲမ က်တွေလည်း နည်းနည်းတော့ ရှဲသွားတာပေါ့ဗျာ။ နောက်ကို ဆုတ်ကုန်ကြပြီ။

ဟော ကြွ လာပြီဗျို့၊ တောင်တော်သခင်မ ကြွ လာပြီ။ နန်းဆောင်ထဲ ကနေ ရံရွှေတော်တွေ ခြံရံပြီး သခင်မ ကြွမြန်းလာတာ၊ ကျက်သရေရှိလို က်တာဗျာ။

"မှော်ဆရာ သောဝ၊ သင်ဟာ ငါ့ရဲ့ မှော်ဝင်တံခါးကို ဖွင့်နိုင်ရုံနဲ့ နင့် ကိုနင် အထင်ကြီးသွားတာကိုး၊ ငါ့ရဲ့ နန်းမြို့ရိုးတံခါးက နင်ဖွင့်လို့ ပွင့် တာ မဟုတ်ဘူး ဟဲ့ ၊ ငါဖွင့်ပေးလိုက်တာ၊ နင်တို့ ကို ဒီအထဲရောက်အော င် တမင်ခေါ်လိုက်တာ"

"ဝုန်း"

ဟာ နန်းမြို့ရိုးတံခါးကြီး 'ဝုန်း'ခနဲ မြည်ပြီး ပြန်ပိတ်သွားပြီဗျို့။ ဆ ရာသာဝတို့ လူစု နောက်ကို လှည့်ကြည့်ပြီး မျက်နှာတွေ ပျက်သွားကြပြီ ဗျ။

"ကဲ နင်တို့ ပြန်လမ်းမရှိတော့ဘူး သောဝရေ၊ ငါ စောင့်ရှောက်ထားတဲ့ တောင်တော်သခင် မှော်ဝင်ကျမ်းမြတ်ဟာ နင်တို့လို လူမသမာတွေအတွက် မဟုတ်ဘူး သောဝ။ ဒီနေ့တော့ မှော်ဝင်ကျမ်းကိုလုယူဖို့ လာတဲ့ နင်နဲ့ နင့်အပေါင်းအပါတွေကို ငရဲအရောက်ပို့ပေးရတော့မှာ ပေ့ါလေ"

တောင်တော်သခင်မက ပြောပြီးတာနဲ့ ကောင်းကင်ကိုမော့ကြည့်တယ်ဗျ။ ပြီးတော့ သူ့ရဲ့ လက်နှစ်ဖက်ကို အပေါ်ကို မြှောက်လိုက်တယ်။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ၊ ဝီ"

"ဟင် ဘာသံတွေတုန်းဗျ။ ဟာ အသံကြီးက တဖြည်းဖြည်း နီးလာပြီဗျို့"

"ဟော့ကောင် တာတေ၊ ဟိုမှာ ဟိုမှာ "

ဘထစ်က ကောင်းကင်ပေါ်ကို လက်ညှိုးထိုးပြတယ်။ သူပြတဲ့ နေရာကို ကျုပ်ကြည့်လိုက်တော့ ဟာ မည်းမည်းကြီးဗျ။ ဘာကြီးလဲမသိဘူး။ ဟော တဖြည်းဖြည်း နီးလာတော့ အသံကြီးက ပိုပြီး ကျယ်လာတယ်ဗျို့။

"ဟာ ဘထစ်၊ အကောင်ကြီး မဟုတ်ဘူး ကွ၊ အကောင်လေးတွေ၊ မည်းမည်းအကောင်လေးတွေကွ၊ ဟ ဘထစ် သေသေချာချာကြည့်စမ်း ပိတုန်းလို အကောင်တွေကွ"

"အေးကွ၊ ဒါ အသားစားတဲ့ ပိတုန်းတွေကွ"

"ဟာ ဘထစ်ရေ၊ ထိုးဆင်း လာပြီဟေ့၊ ဟာ သွားပြီဟေ့၊ ဆရာသာဝတို့ ဆီကို တန်းဆင်းသွားတာဟေ့"

ဆရာသာဝတို့ က သူတို့ လွယ်အိတ်ထဲက အင်းချပ်တွေထုတ်ပြီး ပစ်ပြီဗျို့။

"ဝုန်း၊ ဝုန်း"

ဟာ မီးတောက်ကြီးတွေ ထသွားတာဗျို့။ ပိတုန်းတွေ မီးလောင်ပြီး သေကုန်ပြီဗျို့။ ဒါပေမဲ့ ကောင်းကင်မှာ က မည်းနက်နေအောင်ကို ပျံလာကြတာဗျ။ အကောင်ပေါင်း သန်းနဲ့ ချီပြီး ပျံလာတဲ့ ပုံပဲဗျ။

ဟော ထိုးဆင်းသွားပြန်ပြီဗျို့။ မည်းမည်းအုပ်ကြီး တစ်အုပ်ဗျ။ ဟာ ဆရာသာဝတို့ ကလည်း အင်းတွေနဲ့ ပစ်ကြပြန်ပြီဗျို့။

"ဝုန်း၊ ဝုန်း၊ ဝုန်း"

ပိတုန်းတွေ မီးလောင်သွားပြန်ပြီဗျို့။ ဟော ကောင်းကင်မှာ အမည်းရောင် ကော်ဇောချပ်ကြီး ပျံလာသလို ပျံလာတဲ့ ပိတုန်းတွေက တစ်အုပ်ပြီးတစ်အုပ် ထိုးဆင်းလာတာဗျ။ ဆရာသာဝတို့ ကလည်း အင်းတွေနဲ့ ပစ်ကြတာပါပဲ။ ဒါပေမဲ့ ကြာလာတော့ ဆရာသာဝတို့ အုပ်စု အင်းချပ်တွေ ကုန်သွားပြီဗျ။ ဒီမှာ တင် ဆရာသာဝက ကောင်းကင်က ပိတုန်းအုပ်ကြီးကို လိုက်ညွှိုးကြီးနဲ့ ထိုးပြီး ဂါထာတွေ ရွတ်တော့တာပဲဗျာ ။

ဟော ကောင်းကင်က ပိတုန်းအုပ်ကြီးက ကော်ဇောချပ်ကြီးလို ဖြစ်နေရာကနေ ဘောလုံးကြီး အကြီးကြီးတစ်လုံးလို ပုံစံပြောင်းလိုက်တယ်ဗျ။ ပြီးတော့ ဘောလုံးကြီး လိမ့်သလို လိမ့်ပြီး ဆင်းလာတာဗျို့။ ဆရာသာဝတို့ အုပ်စုကလည်း လက်ညှိုးတွေထိုးပြီး ဂါထာတွေ ရွတ်ကြတာပေါ့ဗျာ။

ဒါပေမဲ့ ဘောလုံးကြီး လိမ့်သလို လိမ့်လာတဲ့ ပိတုန်းတွေက ဘာမှ မဖြစ်ဘဲ တဖြည်းဖြည်း နိမ့်လာတော့တာပဲဗျ။ ဒီမှာ တင် ဆရာသာဝတို့ အုပ်စု နောက်ဘက်ကိုလှည့်ပြီး ပိတ်သွားတဲ့ နန်းမြို့ရိုးတံခါးကြီးကို အင်းချပ်နဲ့ ပေါက်ပြီး ဖွင့်ကြတယ်ဗျ။

တံခါးကြီးက ဖွင့်ဖို့ နေနေသာသာ လှုပ်တောင် မလှုပ်ဘူးဗျ။

"ဟဲ့ ငသာဝ၊ နင့်အင်းစွမ်းရင် အဲဒီတံခါးကို ပွင့်အောင်ဖွင့် လိုက်လေ
"

လို့ တောင်တော်သခင်မက ပြောလိုက်တယ်။

"ဟဲ့ တောင်တော်စောင့်တဲ့ အစိမ်းသူရဲမ၊ သေရမှာ မကြောက်လို့ ဒီနေရာကို ငါလာတာဟေ့၊ ရော့ ငါ့အင်း စွမ်း,မစွမ်း နင် မြည်းကြည့်လိုက်
"

ပြောပြောဆိုဆိုနှင့် ဆရာသာဝက အင်းတစ်ချပ်နဲ့ တောင်တော်သခင်မကို လှမ်းပစ်လိုက်တယ်။

"ဝုန်း"

အင်းချပ်က မီးလုံးကြီးဖြစ်သွားပြီး တောင်တော်သခင်မဆီကို ပြေးသွားတယ်။ တောင်တော်သခင်မ သူ့ရဲ့ ခြုပဝါနဲ့ ရမ်းလိုက်တယ်ဗျ။ ဆရာသာဝရဲ့ မီးလုံးကြီးက သခင်မအနားကို မရောက်တော့ဘဲ အပေါ်ကို ပြန်တက်သွားတယ်ဗျ။ တောင်တော်သခင်မက မီးလုံးကြီးကို လက်ညှိုးနဲ့ လှမ်းထိုးလိုက်တယ်။

"ဖျန်း"

ဆိုတဲ့ အသံကြီးတွေ ထွက် လာပြီး အစိတ်စိတ် အမြွှာမြွှာ ကွဲသွားရောဗျို့။ လေထဲမှာ တင် အစအနတွေ ပျောက်သွားတယ်။

ဆရာသာဝ နောက်ကို ခြေနှစ်လှမ်းလောက် နောက်ဆုတ်သွားတယ်ဗျ။ သူ့လူတွေလည်း သူ့လိုပဲ နောက်ဆုတ်သွားကြတယ်။ ဒီတုန်းမှာ ပဲကောင်းကင်က လိမ့်ဆင်းလာတဲ့ မည်းမည်းအလုံးကြီးက ‘ဝီ ဝီ ဝီ ဝီ’ဆို

တဲ့ အသံကြီးနဲ့ အတူ ဆရာသာဝတို့ အပေါ် ကျသွားတယ်ဗျ။

"အား အောင်မယ်လေးဗျ"

ဆိုပြီး အသံနက်ကြီးတွေနဲ့ ကျုံးပြီးအောက်လိုက်တဲ့ အသံတွေဗျာ၊ ကြားလို့ တောင် မကောင်းပါဘူး။

"ဝီ၊ ဝီ၊ ဝီ၊ ဝီ"

ဆိုတဲ့ အသံကြီးတွေနဲ့ သန်းချီနေတဲ့ ပိတုန်းကောင်တွေအောက်မှာ ဆရာသာဝတို့ လူစုကို ရှာလို့ တောင် မတွေ့တော့ဘူးဗျာ။

"အောင်မယ်လေးဗျ"

ဆိုတဲ့ အသံကြီးတွေကလည်း တဖြည်းဖြည်း ပျောက်သွားရောဗျို့။ ခဏကြာတော့ 'ဝီ၊ ဝီ၊ ဝီ၊ ဝီ' ဆိုတဲ့ အသံကြီးနဲ့ အတူ ပိတုန်းအုပ်ကြီး ကောင်းကင်ကို ပြန်တက်သွားတယ်ဗျ။ ပိတုန်းတွေ အားလုံးပျောက်သွားတော့ မြေပြင်ပေါ်မှာ ဖြူဖြူကြီးတွေဗျာ။ ကျုပ်နဲ့ ဘထစ်က သေသေချာချာ ကြည့်လိုက်ကြတယ်။

"ဟာ အရိုးစုတွေကွ တာတေရ"

"ဟေ ဟုတ်သားပဲကွ၊ ဆရာသာဝတို့ လူစုတွေအားလုံး အရိုးစုတွေ ဖြစ်ကုန်ပြီပဲကွ"

ဟုတ်ပ့ါဗျာ။ မိနစ်ပိုင်းကလေးအတွင်းမှာ အသားစားပိတုန်းတွေက ဆရာသာဝတို့ လူစုရဲ့ အသားမှန်သမျှကို စားသွားတာဗျို့။ အရိုးစု ဖြူဖြူကြီးတွေပဲ ကျန်နေတော့တာ။ ကျုပ်ဖြင့် ကြက်သီးတွေ တဖြန်းဖြန်း ထသွားတော့တာပါပဲဗျာ။

တောင်တော်သခင်မကတော့ ဣန္ဒြေရရပဲ နန်းဆောင်ထဲကို ပြန်ကြွ

သွားတယ်ဗျ။

"ဟော့ကောင် ဘထစ်၊ တို့ လည်း မြန်မြန်ပြန်ကြမှ ပဲဟော့၊ ဒီနေရာမှ သိပ်ကြာကြာနေလို့ မကောင်းဘူးထင်တယ်"

"အေးကွာ တာတေ၊ ပြန်ကြစို့ကွာ"

ကျုပ်က အိမ်ပြန်ဖို့ စိတ်ကိုညွှန်လိုက်တယ်။ ကျုပ် ချက်ချင်းလန့်နိုး သွားတယ်။ လန့်ပြီး ကျုပ် ထထိုင်လိုက်တဲ့ အချိန်မှာ ဘထစ်က ငုတ်တုတ်ကလေးထိုင်ပြီး ကျုပ်ကို ကြည့်နေတယ်ဗျ။

"ဟော့ကောင် ဘထစ်၊ မင်းက ငါ့အရင် ပြန်ရောက်နေတာလား"

"အေး မင်းကို စိတ်မချလို့ ငါစောင့်ကြည့်နေတာကွ"

"မပူပါနဲ့ ကွာ၊ ငါ့ရဲ့ ကိုယ်ပွားက ငါ့ကိုယ်ထဲကို တန်းတန်းမတ်မတ် ရောက်အောင် ပြန်ဝင်တတ်ပါတယ်ကွ"

မိုးလည်း လင်းခါနီးပြီဆိုတော့ ကျုပ်တို့ နှစ်ယောက်လည်း ပြန်မအိပ်ကြတော့ပါဘူးဗျာ။

ဒီနေ့အထိ ကျုပ် မသိတာကတော့ တောင်တော်သခင်မဟာ လူလား၊ နာနာဘာဝလား ဆိုတာပါပဲဗျာ။

**တာတေ**

******